# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
# ဖြေရှင်းဆုံးဖြတ်ချက်များကို
# ကာကွယ်စောင့်ရှောက်သည့်ဥပဒေ

# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၉ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) ပါရာဇိကအာပတ် သင့်ရောက်သောပုဂ္ဂိုလ် ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က အသုဒ္ဓအဖြစ်ဆုံးဖြတ်ခြင်းခံရသောပုဂ္ဂိုလ်၊ သို့မဟုတ် မိမိဆန္ဒအလျောက်မဟုတ်ပဲ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်အရေးယူသည့်အခါမှ ပါရာဇိကအမှု ကျူးလွန်ခဲ့ကြောင်းကို သံဃနာယက အဖွဲ့ဝင် တစ်ပါးပါး၏ ရှေ့မှောက်၌ ဝန်ခံကတိလက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကို ဖြစ်စေ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေအရ အသုဒ္ဓအဖြစ်ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်၊

(ခ) အသုဒ္ဓ ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်သဖြင့် ရဟန်းအဖြစ်မှ ဆုံးရှုံးသောပုဂ္ဂိုလ်ကို ဆိုသည်၊

(ဂ) ပရိသုဒ္ဓပြုသောပုဂ္ဂိုလ် ဆိုသည်မှာ ပါရာဇိက အမှုကို ကျူးလွန်မိကြောင်း သိလျှင်သိချင်း စင်ကြယ်မှုကို ရှေးရှုလျက် မိမိဆန္ဒအလျောက် မိမိအပြစ်ကို မြို့နယ် သံဃနာယကအဖွဲ့၏ ရှေ့မှောက်၌ ထုတ်ဖော် ဝန်ခံ၍ဖြစ်စေ၊ မိမိသီလအပေါ် သံသယ ရှိသဖြင့် မြို့နယ်သံဃနာယက

အဖွဲ့၏အဆုံးအဖြတ်ကိုခံယူ၍ဖြစ်စေ ရှင်သာမဏေအဖြစ်၊ သို့မဟုတ် လူဝတ်ကြောင် အဖြစ်သို့ ကူးပြောင်းသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဃ) ထေနက ဆိုသည်မှာ သူတစ်ဦးဦးသည် ရဟန်းသာမဏေတို့၏ သီလမရှိပဲ ရဟန်းသာမဏေ အသွင် ဆောင်ခြင်း၊ ယင်းသို့ အသွင်ဆောင်၍ ရဟန်းသာမဏေကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသော်လည်းကောင်း၊ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိပါလျက် ပရိသုဒ္ဓမပြုပဲ ထိမ်ချန်၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခြင်းကို သော်လည်းကောင်း ပြုကြောင်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရ သံဃာဝိနိစ္ဆယအဖွဲ့က စစ်ဆေးတွေ့ရှိရသဖြင့် သင်္ကန်းဝတ်ခွင့် မရှိဟု ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(င) နေဝသုဒ္ဓနာသုဒ္ဓ ဆိုသည်မှာ အစွပ်စွဲခံရသော ရဟန်းသည် ပါရာဇိကအမှုကို ကျူးလွန်ခဲ့ကြောင်း သက်သေခံ အထောက်အထား မြောက်မြားစွာ ရှိနေ၍ ယင်းအား စစ်ဆေးလျက်ရှိသည့် ဝိနိစ္ဆယအဖွဲ့က ဝိနည်းခိုရပုဂ္ဂိုလ်၏ စိတ်၌ ပါရာဇိကအမှုကို ကျူးလွန်ခဲ့သူ အသုဒ္ဓဟု ထင်မြင်ယူဆသော်လည်း ဝိနည်းတော်အရ ကာယကံရှင် ကိုယ်တိုင်က ပဋိညာဉ် ဝန်ခံချက်ပေးမှသာ အသုဒ္ဓဟု ဆုံးဖြတ်ရမည်ဖြစ်၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်၊ သီလမစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟု ဆုံးဖြတ်ခြင်း ခံရသဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က ကြေညာဖယ်ထားပြီး သာသနာဝင်မှတ်တမ်းကို ထုတ်ပေးခြင်း မပြုရန်နှင့် ထုတ်ပေးပြီးဖြစ်ပါက ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားခြင်း ခံရသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(စ) ရဟန်းယောင်ဆောင်ခြင်း ဆိုသည်မှာ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်ကို ရယူခဲ့သည့်ပုဂ္ဂိုလ်အား ထုတ်ပေးထား

သော သာသနာဝင် မှတ်တမ်းမရှိပဲ၊ သို့မဟုတ် ဒုလ္လဘ ရဟန်းဖြစ်ပါက ရဟန်းဖြစ်ချိန် ရက်ချုပ်အခိုင်အမာမရှိပဲ သက်နိုးဝတ်ခြင်းကို ဆိုသည်၊

(ဆ) ဥတ္တိစတုတ္ထကံ ဆိုသည်မှာ ဥတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုလုပ်အပ်သောသံဃာ့ကိစ္စကို ဆိုသည်၊

(ဇ) ရှင်သာမဏေယောင်ဆောင်ခြင်း ဆိုသည်မှာ ဝိနည်း တော်နှင့်အညီ ဥပဇ္ဈာယ်ဆရာထံမှ ရှင်သာမဏေအဖြစ်ကို ရယူခဲ့သည့် ပုဂ္ဂိုလ်အား ထုတ်ပေးထားသော သာသနာ ဝင် မှတ် တမ်း မ ရှိပဲ၊ သို့ မ ဟုတ် ခေတ္တ ဝတ် သော ရှင်သာမဏေဖြစ်ပါက ဥပဇ္ဈာယ်ဆရာ မရှိပဲ သင်္ကန်းဝတ် ခြင်းကို ဆိုသည်၊

(ဈ) သီးခြားဝိနည်းဓိုရ်အဖွဲ့ ဆိုသည်မှာ ဓမ္မ အဓမ္မ အငြင်း ပွားမှုကို ဆုံးဖြတ်ရန်အလို့ငှာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

# အခန်း (၂)

## ပြစ်မှုများ

၃။ (က) ပရိသုဒ္ဓပြု၍ ရှင်သာမဏေပြုခွင့်ရသော ပုဂ္ဂိုလ်မှတပါး ပါရာဇိကအာပတ် သင့်ရောက်သော ပုဂ္ဂိုလ်သည် ရှင်သာမဏေပြုလိုပါက ထေနကဟုတ် မဟုတ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူရမည်၊

(ခ) သံဃဝိနိစ္ဆယအဖွဲ့က ထေနကအဖြစ် ဆုံးဖြတ်ခြင်း ခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၄။ သံဃဝိနိစ္ဆယအဖွဲ့က နေဝသုဒ္ဓနာသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၅။ ရဟန်းယောင် ဆောင်ခြင်း၊ ရှင်သာမဏေယောင် ဆောင်ခြင်းကို မည်သူမျှ မပြုရ။

၆။ သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ပါ အဓမ္မဝါဒ မပြန့်ပွားစေရန် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သည့် အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

# အခန်း (၃)

## ပြစ်ဒဏ်များ

၈။ ပုဒ်မ ၃ ပုဒ်မခွဲ (ခ)၊ သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသူသည် ထောင်ဒဏ် သုံးနှစ် ကျခံစေရမည်။

၉။ မည်သူမဆို ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ် ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ် ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရမည်။

# အခန်း (၄)

## အထွေထွေ

၁၂။ ပုဒ်မ ၇ အရဖြစ်စေ၊ ပုဒ်မ ၉ အရဖြစ်စေ၊ ပုဒ်မ ၁၀ အရဖြစ်စေ တရားစွဲဆိုရာ၌ သာသနာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဤဥပဒေအရ တရားစွဲဆိုသော မှုခင်းများတွင်—

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ ဖြစ်စေ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ ချမှတ်ခဲ့သော ဝိနိစ္ဆယဆုံးဖြတ်ချက်သည် လည်းကောင်း၊ ပါရာဇိကအမှုကျူးလွန်ခဲ့ကြောင်းကို သံဃနာယကအဖွဲ့ဝင်ရှေ့မှောက်၌ လက်မှတ်ရေးထိုး ဝန်ခံကတိပြုလွှာသည် လည်းကောင်း လုံလောက်သော သက်သေခံအထောက်အထား ဖြစ်စေရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် ဝိနည်းဓိုရ်ဆရာတော်ကိုဖြစ်စေ၊ သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင် ဆရာတော်ကိုဖြစ်စေ၊ ဝန်ခံကတိပြုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကို ဖြစ်စေ သက်သေအဖြစ် တရားရုံးက ပင့်ဆောင်ခြင်း မပြုရ။